DICA™
Directorate of Investment and Company Administration

ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

Supported by
giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

# ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများအတွက် MIC ခွင့်ပြုမိန့် လျှောက်ထားခြင်း လမ်းညွှန်စာအုပ်

အလားအလာများအားလုံး အကောင်အထည်ဖော်ရမည်။

- ရန်ကုန် -

ဩဂုတ်လ ၂၀၁၆

## မာတိကာ


အစီရင်ခံစာအကျဉ်းချုပ်များ........................................................................ ၂
နိဒါန်း........................................................................ ၃

၁။ လုပ်ထုံးလုပ်နည်းများ အကျဉ်းချုပ်........................................................................ ၄
 ၁. လုပ်ထုံးလုပ်နည်းများ အကျဉ်းချုပ်........................................................................ ၄
 ၂. MIC ခွင့်ပြုမိန့်ရရှိသောအခါ နိုင်ငံသားများ ရရှိနိုင်သည့် အကျိုးခံစားခွင့်များ........................................................................ ၅

၂။ ကုန်ထုတ်လုပ်မှုကဏ္ဍရင်းနှီးမြှုပ်နှံမှုအတွက် MIC ခွင့်ပြုမိန့် လျှောက်ထားရန် လမ်းပြမြေပုံ........................................................................ ၇

၃။ အမေးများသော မေးခွန်းများ........................................................................ ၁၂

၄။ ဆက်သွယ်ရန်လိပ်စာများ........................................................................ ၁၅

၅။ စက်မှုကဏ္ဍရင်းနှီးမြှုပ်နှံခြင်းအတွက် MIC ခွင့်ပြုမိန့် လျှောက်ထားရာတွင် လိုအပ်သော နမူနာပုံစံများ၊ အထောက်အထားများ...... ၁၆
 ၁. MIC ခွင့်ပြုမိန့် လျှောက်ထားရာတွင် ပူးတွဲတင်ပြ ရမည့် အထောက်အထားများ- နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက်........................................................................ ၁၆
 ၂. MIC ခွင့်ပြုမိန့် လျှောက်ထားရာတွင် ပူးတွဲတင်ပြ ရမည့် အထောက်အထားများ- မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအတွက်........................................................................ ၁၇
 ၃. MIC ခွင့်ပြုမိန့် လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် လျှောက်လွှာအပေါ်စာ (နမူနာပုံစံ)........................................................................ ၁၈
 ၄. ဖောင်ပုံစံ ၁-ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအတွက် အဆိုပြုလွှာပုံစံ........................................................................ ၁၉
 ၅. ဖောင်ပုံစံ ၁-ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသူ လုပ်ငန်းရှင်များအတွက် အဆိုပြုလွှာပုံစံ........................................................................ ၂၃
 ၆. ဝန်ထမ်းသက်သာချောင်ချိရေး အစီအစဉ် တင်ပြခြင်း (နမူနာပုံစံ)........................................................................ ၂၈
 ၇. မီးဘေးကြိုတင်ကာကွယ်ရေး အစီအစဉ်အား တင်ပြခြင်း (နမူနာပုံစံ)........................................................................ ၂၉
 ၈. လူမှုရေးဆိုင်ရာတာဝန်ယူမှု အစီအစဉ်အား တင်ပြခြင်း (နမူနာပုံစံ)........................................................................ ၃၀
 ၉. ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက် တင်ပြခြင်း (နမူနာပုံစံ)........................................................................ ၃၁
 ၁၀. ဝင်ငွေခွန်ပေးဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု တင်ပြခြင်း (နမူနာပုံစံ)........................................................................ ၃၂
 ၁၁. နိုင်ငံသားနှင့် နိုင်ငံခြားသား ကျွမ်းကျင်ဝန်ထမ်းများ စာရင်း........................................................................ ၃၃
 ၁၂. ကုန်ထုတ်လုပ်မှုနှင့် အရောင်း ဖော်ပြချက် (နမူနာပုံစံ)........................................................................ ၃၅
 ၁၃. စီးပွားရေး တွက်ချက်မှုနှင့် ခန့်မှန်းမှု (နမူနာပုံစံ)........................................................................ ၃၆
 ၁၄. မြေ/အဆောက်အဦ ငှားရမ်းခြင်း သဘောတူ စာချုပ် (နမူနာပုံစံ)........................................................................ ၃၉
 ၁၅. ဖက်စပ်စာချုပ် သို့မဟုတ် ရှယ်ယာပိုင်ရှင်စာချုပ် (နမူနာပုံစံ)........................................................................ ၄၀
 ၁၆. Manufacturing/Processing Contract/MOU/MOA (နမူနာပုံစံ)........................................................................ ၄၁
 ၁၇. Processing Contract (နမူနာပုံစံ)........................................................................ ၄၂
 ၁၈. Royalty Agreement (နမူနာပုံစံ)........................................................................ ၄၃
 ၁၉. MIC အစည်းအဝေးတွင် တင်ပြမည့် PowerPoint Presentation တွင် ပါဝင်ရမည့်အချက်များ........................................................................ ၄၄

ပုံနှိပ်ခြင်း........................................................................ ၄၅

# အဓိပ္ပာယ်ဖွင့်ဆိုချက်များ

| | |
|---|---|
| ADB | အာရှ ဖွံ့ဖြိုးရေးဘဏ် |
| AEC | အရှေ့တောင်အာရှ စီးပွားရေးအသိုက်အဝန်း |
| AOA | သင်းဖွဲ့စည်းမျဉ်း |
| ASEAN | အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ |
| BOD | ဒါရိုက်တာအဖွဲ့ |
| BOT | တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ စာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးခြင်းကို ဆိုလိုသည်။ |
| BTO | လုပ်ငန်းတည်ဆောက်ခြင်း၊ တည်ဆောက်ပြီးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့လွှဲပြောင်း ပေးအပ်ခြင်း နှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကို ဆိုလိုသည်။ |
| CRD | ကုမ္ပဏီမှတ်ပုံတင်ဌာနခွဲ |
| CSR | လူမှုရေးဆိုင်ရာ တာဝန်ယူဆောင်ရွက်မှု |
| DICA | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန |
| EIA | ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာခြင်း |
| EMP | ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် |
| FIL | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ |
| GDP | ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု |
| GIZ | ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| ID | စိစစ်ရေး |
| ID2 | ရင်းနှီးမြှုပ်နှံမှုဌာနခွဲ-၂ |
| IEE | ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ |
| IRR | အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း |
| JV | ဖက်စပ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MICB | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဘဏ် |
| MCIL | မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ |
| ME | မြန်မာသက္ကရာဇ် |
| MFTB | မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် |
| MIC | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် |
| MMK | မြန်မာ့ငွေကြေး |
| MOA | သင်းဖွဲ့မှတ်တမ်း |
| MOU | နားလည်မှုစာချွန်လွှာ |
| NRC | နိုင်ငံသားစိစစ်ရေးကဒ် |
| OSS | တနေရာတည်း နေ့ချင်းပြီး ဝန်ဆောင်မှုပေးခြင်း |
| OSSC | တနေရာတည်း နေ့ချင်းပြီး ဝန်ဆောင်မှုပေးခြင်း ဗဟိုအဖွဲ့ |
| PAT | အဆိုပြုချက် စိစစ်ရေးအဖွဲ့ |
| PSA | ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်း သဘောတူစာချုပ် |
| PSC | ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်း ပဋိညာဉ်စာချုပ် |
| SIA | လူမှုစီးပွားထိခိုက်မှု ဆန်းစစ်လေ့လာရေး |
| US-$ | အမေရိကန်ဒေါ်လာ |

မြန်မာနိုင်ငံတွင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို လွန်ခဲ့သည့်နှစ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။ စီးပွားရေးဆိုင်ရာ ဖြေလျော့မှုများကို တစ်ဆင့်ချင်းဖော်ဆောင်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့အတွက် တံခါးများကို ပိုမိုဖွင့်လှစ်လာခဲ့သည်။ ပြည်တွင်း စွန့်ဦးတီထွင်ဆောင်ရွက်မှုကို ထက်သန်စွာမြှင့်တင်ပေးပြီး စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံရန် လှုံ့ဆော်အားပေးလျက်ရှိသည်။ မြန်မာ့စီးပွားရေးသည် ၂၀၁၅ ခုနှစ်တွင် ၈.၃% အထိတိုးတက်လာပြီး ADB၏ အာရှတိုးတက်မှု ခန့်မှန်းချက်အရ ၂၀၁၆ ခုနှစ်တွင်လည်း ၈.၂% အထိ ဆက်လက်တိုးတက်လာမည့် လမ်းကြောင်းပေါ် ရောက်နေကြောင်း ခန့်မှန်းထားသည်။ ထိုသို့သော စီးပွားရေးတိုးတက်မှုကို ပိုမိုတိုးပွားလာသော ရင်းနှီးမြှုပ်နှံမှုတို့က ထောက်ပံ့ပေးထားပြီး လုပ်ငန်းတွင် စိတ်ချယုံကြည်မှု တိုးမြင့်လာခြင်း၊ ပြည်ပတင်ပို့မှု တိုးတက်လာခြင်း၊ သဘာဝဓါတ်ငွေ့များ တိုးတက်ထုတ်လုပ်လာနိုင်ခြင်း၊ ခရီးသွားလုပ်ငန်း ခေတ်စားလာခြင်းနှင့် ဈေးငွေများတိုးချဲ့ထုတ်ဈေးလာနိုင်ခြင်းတို့ကလည်း ရင်းနှီးမြှုပ်နှံမှုကို တဖန်ပြန်လည် အားကောင်းလာစေပြန်သည်။ ယခုတိုးတက်မှုများကို အစိုးရ၏ ရည်ရွယ်ချက်ကြီးစွာဖြင့် စနစ်တကျဖွဲ့စည်းထားသော ပြုပြင်ပြောင်းလဲရေး အစီအစဉ် ဆောင်ရွက်နေမှုက ထောက်ပံ့ပေးထားသည်။ လာမည့်နှစ်များအတွင်း အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံသည် ပြည်တွင်းတစ်ဦးချင်း ထုတ်ကုန် တိုးတက်မှုနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်ရန် ရည်ရွယ်ထားသည်။

မြန်မာနိုင်ငံအစိုးရသည် ယင်းရည်မှန်းချက်အောင်မြင်စေရန် များစွာသော အားထုတ်ကြိုးပမ်းမှုများ ပြုလုပ်လျက်ရှိပြီး မြန်မာနိုင်ငံတွင်လုပ်ငန်းများ လုပ်ကိုင်ရာ၌ပိုမိုလွယ်ကူလာစေရန် ဆောင်ရွက်လျက် ရှိသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်ခဲ့သော အာဆီယံစီးပွားရေး အသိုက်အဝန်း (Asean Economic Community (AEC)) ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံသည် ပထဝီအခြေအနေအရ မဟာဗျူဟာကျသော အနေအထားတွင်ရှိသောကြောင့် အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပါဝင်သည့် ဒေသတွင်းတွင် ကုန်သွယ်မှုဗဟိုချက်၊ ကုန်ထုတ်မှုအတွက် အခြေခံနေရာတစ်ခု ဖြစ်လာနိုင်ရန် အလားအလာများစွာ ရှိနေသည်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေကို ပြင်ဆင်ရန် ဆက်လက်လုပ်ဆောင်နေပြီး ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းနှင့် နိုင်ငံခြားကုမ္ပဏီများ မှတ်ပုံတင်ခြင်းအား ယခုထက်ပိုမိုလွယ်ကူစေရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုလက်စွဲစာအုပ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (Directorate of Investment and Company Administration (DICA)) က the Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) ၏ နည်းပညာအထောက်အပံ့ဖြင့် ဤလမ်းညွှန်စာအုပ်ကို ရေးသားပြုစုပါသည်။ လက်စွဲစာအုပ်တွင် ပါဝင်သောသတင်းအချက်အလက်များက မြန်မာနှင့်နိုင်ငံခြားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် လုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာမှုရှိစေရန်၊ လွယ်ကူစွာနားလည်စေရန်နှင့် စရိတ်ကျဉ်းစေရန်အတွက် ပြုစုထားခြင်းဖြစ်သည်။

## ကုမ္ပဏီမှတ်ပုံတင်ဖွဲ့စည်းခြင်းသည် ပထမအဆင့်ဖြစ်သည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ငန်းအမျိုးအစားအလိုက် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးသူ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုမိန့် (MIC Permit) အား လျှောက်ထားနိုင်သည်။ သို့ရာတွင် ကုမ္ပဏီအသစ် ဖွဲ့စည်းမှတ်ပုံတင်ရန်လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများအတွက် ထိုသို့ကုမ္ပဏီမှတ်ပုံတင် လျှောက်ထားခြင်းနှင့် တပြိုင်နက်တည်း ရင်းနှီး မြှုပ်နှံမှုအဆိုပြုလွှာအား သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဌာနသို့ သင်းဖွဲ့စည်းမျဉ်း (AOA) (မူကြမ်း)နှင့် သင်းဖွဲ့မှတ်တမ်း (MOA) (မူကြမ်း) တို့နှင့်အတူ ပူးတွဲ၍ လျှောက်ထားနိုင်သည်။

အချို့စီးပွားရေးအခန်းကဏ္ဍများဖြစ်သော ဆောက်လုပ်ရေး၊သတ္တုတူးဖော်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများအတွက် နိုင်ငံခြားကုမ္ပဏီများက ၎င်းတို့၏စီးပွားရေးလုပ်ငန်းများအား စတင်ဆောင်ရွက်ရန်၊ အကျိုးခံစားခွင့်များနှင့် အခွန်သက်သာခွင့်များရရှိစေရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (Myanmar Investment Commission (MIC)) ၏ ခွင့်ပြုမိန့်ကို ရရှိရန်လိုသည်။ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများကလည်း ယင်းအကျိုးခံစားခွင့်များကို ရရှိစေရန်အတွက် လျှောက်ထားနိုင်သည်။

ကုန်ထုတ်လုပ်မှုသည် မြန်မာနိုင်ငံအတွက် အလွန်အရေးပါသည့် စီးပွားရေးကဏ္ဍဖြစ်ပြီး နှစ်စဉ် ရင်းနှီးမြှုပ်နှံမှုများကို တိုးတက်ရရှိနေကာ အလုပ်အကိုင်များများပြားလာပြီး ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု (GDP) တိုးမြင့်လာစေရန် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။ သို့ပါ၍ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရာ၌ လွယ်ကူချောမွေ့စေရန် MIC ခွင့်ပြုမိန့် မည်သို့ရရှိနိုင်သည်ကို ဤစာအုပ်မှ လမ်းညွှန်ချက်ပေးနိုင်မည်ဖြစ်သည်။

ယခုစာအုပ်အပြင် ကုမ္ပဏီများမှ လုပ်ငန်းစဉ်နှင့်လုပ်ထုံးလုပ်နည်းများအားလုံးကို DICA website အသစ် နှင့် စာအုပ်စာတမ်းအသစ်များမှတဆင့် ပိုမိုနားလည်အသုံးပြုနိုင်စေရန်အတွက်လည်း DICA မှ ဆောင်ရွက်လျက်ရှိပါသည်။ မှတ်ပုံတင်ခြင်းနှင့် ခွင့်ပြုမိန့်ရယူခြင်းများဆိုင်ရာ လုပ်ငန်းစဉ်များ တိုးတက်စေရန်အတွက် အစပြုဆောင်ရွက်မှုများအား မကြာမီတွင်လည်း ထပ်မံဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါဆောင်ရွက်မှုများသည် မြန်မာနိုင်ငံတွင်စီးပွားရေးလုပ်ကိုင်ရန် စိတ်ဝင်စားသော ကုမ္ပဏီများ အတွက်သာမက နိုင်ငံ၏ အနာဂတ်စီးပွားရေး စည်ပင်ဝပြောစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားကောင်းအောင် ဦးဆောင်ပေးနိုင်သော အဆင့်များဖြစ်သည်။

## ၁။ လုပ်ထုံးလုပ်နည်းများ အကျဉ်းချုပ်

### ၁. လုပ်ထုံးလုပ်နည်းများ အကျဉ်းချုပ်

MIC ခွင့်ပြုမိန့်သည် နိုင်ငံခြားသားရင်နှီးမြှုပ်နှံသူများမြန်မာနိုင်ငံတွင် တိုက်ရိုက်ရင်းနှီးမြှုပ်မှုပြုလုပ်ရန်အတွက် လျှောက်ထားရန်လိုအပ်သည်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ဝန်ဆောင်မှုလုပ်ငန်းသာ လုပ်ဆောင်လိုလျှင် ခွင့်ပြုမိန့်လျှောက်ထားရန်မလိုအပ်ဘဲ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီး လုပ်ငန်းစတင် လုပ်ကိုင်နိုင်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန် ခွင့်ပြုထားသော စီးပွားရေးလုပ်ငန်းများ စာရင်းကို MIC အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ တွင် ဖော်ပြထားသည်။ ၎င်းအမိန့်ကြော်ငြာစာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လုပ်ကိုင်ရန် ၁) ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း ၂) နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသော စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း ၃) သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် နိုင်ငံသားနှင့်ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း ၄) သီးခြားပြဌာန်းထားသော အခြေအနေတရပ်ရပ်ဖြင့် နိုင်ငံသားနှင့်ဖက်စပ်စနစ်ဖြင့်သာဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်းတို့ပါဝင်သည်။ ယင်းစီးပွားရေးကဏ္ဍများမှလွဲ၍ အခြားကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းကို ၁၀၀% ပိုင်ဆိုင်မှုဖြင့်လုပ်ကိုင်နိုင်သည်။ ဖော်ပြပါ အခန်းကဏ္ဍ များမှလွဲ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏စီးပွားရေးလုပ်ငန်းအား ၁၀၀% ပိုင်ဆိုင်မှုဖြင့်သာ လုပ်ကိုင်ခွင့်ပြုသည်။ သို့သော် မြန်မာနိုင်ငံအတွက် ပုံစံအသစ်ဖြစ်သော စီးပွားရေးလုပ်ဆောင်ချက်များ အတွက်မူ လုပ်ငန်းအလိုက် သီးခြားအနေဖြင့် ထည့်သွင်းစဉ်းစားပြီး ရင်းနှီးမြှုပ်နှံမှုပုံစံအသစ်များအတွက် ခွင့်ပြုမိန့်များကိုလည်း တဖြည်းဖြည်းချင်း လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၂) ပါ အကျိုးခံစားခွင့်များကို ရရှိလိုလျှင် MIC ခွင့်ပြုမိန့်ကို လျှောက်ထားရမည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၂) က နိုင်ငံခြားလုပ်ငန်းများအား မြေ (နှင့်အဆောက်အအုံ) ကို နှစ် (၅၀) အထိငှားရမ်းခွင့်ရှိပြီး (၁၀) နှစ် (၂) ကြိမ် တိုးယူခွင့်ရှိသည်။ MIC ခွင့်ပြုချက်မလိုအပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် မြေငှားရာတွင် တစ်နှစ်သက်တမ်းသာ ငှားရမ်းနိုင်သည်။ MIC ခွင့်ပြုမိန့်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား နှစ်ရှည်မြေ ငှားရမ်းခွင့်အတွက် အာမခံပေးနိုင်သည်။

ထို့အပြင် MIC ခွင့်ပြုမိန့်ရရှိထားသူများအား ရင်းနှီးမြှုပ်နှံမှုအတွက် အကာအကွယ်၊ အခွန်ဆိုင်ရာ ကင်းလွတ်သက်သာခွင့်များ၊ အကျိုးခံစားခွင့်များနှင့် နိုင်ငံခြားငွေ လွှဲပြောင်းခွင့်များကို ပေးအပ်ထားသည်။

မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများအတွက် MIC ခွင့်ပြုချက်က မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် မဖြစ်မနေလျှောက်ထားရန် မလိုအပ်သော်လည်း MIC ခွင့်ပြုမိန့်ရရှိထားသော ကုမ္ပဏီများက မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ (MCIL) တွင် ပြဌာန်းထားသော အကျိုးခံစားခွင့်များကို ရရှိခံစားနိုင်သည်။ ထို့ကြောင့် နိုင်ငံခြားကုမ္ပဏီများ၊ ဖက်စပ်ကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများက မြန်မာနိုင်ငံ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေ (FIL)နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ (MCIL) ပေးအပ်ထားသော အထူးအခွင့်အရေးများ၊ အခွန်ကင်းလွတ်သက်သာခွင့်များနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အကာအကွယ်များ ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ MICခွင့်ပြုမိန့်ကို လျှောက်ထားရပါမည်။

နိုင်ငံခြားသားများနှင့် နိုင်ငံခြားကုမ္ပဏီများသည် မရွှေ့ပြောင်းနိုင်သော ပစ္စည်း လွှဲပြောင်းခြင်း (ကန့်သတ်ချက်) ဆိုင်ရာ ဥပဒေအရ မြန်မာနိုင်ငံတွင် မြေပိုင်ဆိုင်ခွင့်မရှိဘဲ တစ်နှစ်သက်တမ်းမြေငှားရမ်းခွင့်သာရှိသည်။

## ၂. MIC ခွင့်ပြုမိန့်ရရှိသောအခါ နိုင်ငံခြားသားများ ရရှိနိုင်သည့် အကျိုးခံစားခွင့်များ

MICခွင့်ပြုမိန့်ရရှိထားသောနိုင်ငံခြားရင်းနှီးမြှုပ်နှံသူများရရှိနိုင်သည့်အကျိုးခံစားခွင့်များကိုအမိန့်ကြေညာချက်အမှတ်၁၁/၂၀၁၃(မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်နေ့) နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁၊ ၂၀၁၂) တွင် ပြဌာန်းထားသည်။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ ရရှိနိုင်သည့် အကျိုးခံစားခွင့်များကို မြန်မာနိုင်ငံသား ဥပဒေ (၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့) တွင်ပြဌာန်းထားသည်။ MIC ခွင့်ပြုမိန့်ရရှိသောအခါ ရရှိသည့် အဓိကအကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

### ရင်းနှီးမြှုပ်နှံမှုအကာအကွယ်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ MIC ခွင့်ပြုမိန့်နှင့် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများကို ခွင့်ပြုထားသည့် ကာလအတွင်းပြည်သူပိုင် သုံးမည်မဟုတ်ကြောင်း ဥပဒေနစ်ရပ်လုံးက အတိအလင်း အာမခံချက်ပေးထားသည်။ MIC ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ လုံလောက်သော အကြောင်းပြချက်မရှိဘဲ လုပ်ငန်းရပ်ဆိုင်းစေမည် မဟုတ်ကြောင်းလည်း အာမခံချက်ပေးထားသည်။

### အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ

ဝင်ငွေခွန်၊ အရှုံးငွေကို သယ်ယူခုနှိမ်ခွင့်၊ အကောက်ခွန်များ၊ ပြည်တွင်းအခွန်အကောက်များနှင့် ကုန်သွယ်ခွန်များအတွက် အကျိုးခံစားခွင့်၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပြဌာန်းပေးထားသည်။

အထူးသဖြင့် MIC ခွင့်ပြုမိန့်ရရှိထားသူများသည် အောက်ပါအကျိုးခံစားခွင့်များကို ရရှိကြသည်။

- ကုမ္ပဏီတစ်ခုက ကုန်ပစ္စည်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ကိုင်နေလျှင် အခွန်(၅)နှစ် တဆက်တည်း ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိသည်။
- လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိမည်။
- ကုန်ထုတ်လုပ်ငန်းတစ်ခုခုက ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့တင်ပို့ရောင်းချလျှင် ထိုသို့တင်ပို့ရောင်းချ၍ ရရှိသော အမြတ်ငွေ အပေါ်တွင် ၅၀ % အထိ ဝင်ငွေခွန်သက်သာခွင့် ရှိသည်။
- စက်ပစ္စည်းကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများ အပေါ်တွင် ပစ္စည်းတန်ဖိုးတွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုး လျှော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့် ရှိသည်။
- မြန်မာနိုင်ငံတွင်ပြုလုပ်သော စီးပွားရေးနှင့်သက်ဆိုင်သော သုတေသနလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာလုပ်ငန်းများအတွက် ကုန်ကျစရိတ်များနှင့် အခွန်ပေးဆောင်ရန်ရှိသော ဝင်ငွေများ အား နုတ်ပယ်ခွင့် ရှိသည်။
- နိုင်ငံခြားသားများ၏ ဝင်ငွေအပေါ်တွင် ပြည်တွင်းနေ နိုင်ငံသားများပေးဆောင်သည့် ဝင်ငွေနှုန်းထားများအတိုင်း ဝင်ငွေခွန်ပေးဆောင်ခွင့် ရှိသည်။
- ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ် ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ရှိသည်။
- လုပ်ငန်းတည်ဆောက်မှုကာလအတွင်း အမှန်တကယ်အသုံးပြုရန်လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန် ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်ရှိသည်။
- လုပ်ငန်းတည်ဆောက်မှု ပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရှိသည်။
- ကော်မရှင်၏ခွင့်ပြုချက်ဖြင့်ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ပြီးမူလရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအားခွင့်ပြုထားသည့်သက်တမ်းကာလအတွင်း တိုးချဲ့လုပ်ကိုင်ပါက ယင်းသို့တိုးချဲ့သည့်လုပ်ငန်းအတွက် အမှန်တကယ်အသုံးပြုရန်လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်အခွန်ဖြစ်စေ၊ အခြား ပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရှိသည်။
- ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်သည့် ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရှိသည်။

## နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားသို့ ပြန်လည်လွှဲပြောင်းနိုင်ခွင့်ရှိသော ငွေများကို အောက်ပါအတိုင်း သတ်မှတ်ထားသည်။

- နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာသူ ရသင့်သည့် နိုင်ငံခြားငွေ၊
- နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူအား ပြန်လည်ထုတ်ယူရန် ကော်မရှင်ကခွင့်ပြုသော နိုင်ငံခြားငွေ၊
- နိုင်ငံခြားသား အမှုထမ်းများက နိုင်ငံတော်တွင် လုပ်ကိုင်ဆောင်ရွက်၍ ရရှိသော လစာငွေနှင့်လုပ်ငန်းမှ တရားဝင်ရရှိငွေတို့မှ ပေးဆောင်ရန်ရှိသော အခွန်အကောက်များကို ပေးဆောင်စေပြီး ၎င်းနှင့်၎င်းမိသားစု နေထိုင်စားသောက်မှု ကုန်ကျစရိတ်တို့ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း နုတ်ပယ်ပြီး တရားဝင် ကျန်ရှိငွေ တို့ဖြစ်သည်။

## မြေအသုံးပြုခွင့်

မရွှေ့ပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်ချက်) ဆိုင်ရာ ဥပဒေအရ နိုင်ငံခြားသားများနှင့် နိုင်ငံခြားကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် မြေပိုင်ဆိုင်ခွင့်မရှိသည့်အပြင် တစ်နှစ်သက်တမ်းထက် ပိုပြီးလည်း ငှားရမ်းနိုင်ခွင့်မရှိပေ။ MIC ခွင့်ပြုမိန့်နှင့် ခွင့်ပြုချက်ရရှိခဲ့လျှင် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူသည် မြေအသုံးချခွင့်ကို ကနဦး အနှစ် (၅၀) အထိခွင့်ပြုနိုင်ပြီး (၁၀) နှစ်သက်တမ်း နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။ ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ငှါးရမ်းမြေသည် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရမှ ခွင့်ပြုထားသည့် မြေများ ဖြစ်သင့်ပါသည်။ နှစ်ရှည်မြေငှားရမ်းခွင့်မှာ မရှိမဖြစ်လိုအပ်သော အချက်ဖြစ်ပြီး MIC ခွင့်ပြုမိန့်ကို မဖြစ်မနေလျှောက်ထားရမည်ဖြစ်သည်။

ထိုနည်းတူစွာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအတွက် မြေပိုင်ဆိုင်မှုမရှိခဲ့လျှင် MIC ခွင့်ပြုမိန့်က ၎င်းတို့အား ပုဂ္ဂလိက သို့မဟုတ် နိုင်ငံတော်ထံမှ နှစ် (၅၀) အထိ မြေအသုံးပြုခွင့် ရရှိစေလိမ့်မည်ဖြစ်ပြီး တစ်ကြိမ်လျှင် (၁၀) နှစ် သက်တမ်း (၂) ကြိမ် တိုးခွင့်ရရှိလိမ့်မည် ဖြစ်သည်။

## အစုရှယ်ယာ လွှဲပြောင်းခြင်းဆိုင်ရာ မူဘောင်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (FIL)နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ (MCIL) နည်းဥပဒေက အစုရှယ်ယာလွှဲပြောင်းခြင်းနှင့်ပတ်သက်သည့် ပြဌာန်းချက်များထည့်သွင်းထားပြီး MIC ၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းနိုင်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတစ်ဦးက အခြားနိုင်ငံခြားရင်းနှီးမြှုပ်နှံသူ တစ်ဦးကိုသော် လည်းကောင်း မြန်မာနိုင်ငံသား တစ်ဦးကိုသော်လည်းကောင်း အစုရှယ်ယာများ လွှဲပြောင်းပေးနိုင်သည်။.

# ၂။ ကုန်ထုတ်လုပ်မှုကဏ္ဍရင်းနှီးမြှုပ်နှံမှုအတွက် MIC ခွင့်ပြုမိန့်လျှောက်ထားရန် လမ်းပြမြေပုံ

## လုပ်ထုံးလုပ်နည်း အကျဉ်း



### အဆင့် ၁: DICA မှ သတင်းအချက်အလက်များ ရယူပါ

DICAမှအကြံပေးမှုကို ရယူပါ။
ကုမ္ပဏီအသစ်လျှောက်ရန် လိုအပ်ပါက ကုမ္ပဏီလျှောက်ထားခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတင်ပြခြင်းတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်သည်။



### အဆင့် ၂။စာရွက်စာတမ်းအထောက်အထားများပြင်ဆင်ပါ

DICA မှအဆိုပြုချက်ပုံစံဝယ်ယူဖြည့်စွက်ပြီး တင်ပြပါ။



### အဆင့် ၃။ DICA မှ အဆိုပြုချက် စိစစ်သုံးသပ်သည့်အဖွဲ့မှ စိစစ်သုံးသပ်ခြင်း

DICAလျှောက်ထားချက်ကို သုံးသပ်ပြီး (Proposal Assessment Team (PAT)) အဖွဲ့ အစည်းအဝေးခေါ်ယူမည်။ အဖွဲ့အစည်းအဝေးကို တက်ရောက်ပြီး ရှင်းလင်းတင်ပြပါ။



### အဆင့် ၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က စိစစ်သုံးသပ်ခြင်း

အဆိုပြုလွှာများအား စိစစ်သုံးသပ်ပြီးနောက် ရင်းနှီးမြှုပ်နှံသူသည် MIC အစည်းအဝေးအား တက်ရောက်ပြီး စီမံချက်အား တင်ပြဆွေးနွေးရမည်။




### အဆင့် ၅။ ဆုံးဖြတ်ချက်ကို ရယူပါ

ရင်းနှီး မြှုပ်နှံသူသည် MIC မှ ဆုံးဖြတ်ချက်အား ရရှိမည်။ MIC က အဆိုပြုချက်လက်ခံခဲ့လျှင် MIC ခွင့်ပြုချက်ကို ထုတ်ယူပါ။

# အသေးစိတ် လုပ်ငန်းစဉ် အဆင့်ဆင့်




လိုအပ်သည်
မလိုအပ်
PAT ၏ သဘောထားမှတ်ချက်များအတိုင်း အဆိုပြုချက်ကို ပြင်ဆင်ပါ။
အစည်းအဝေးမှ မှတ်ချက်များအတိုင်း ဆောင်ရွက်မည့် အစီအစဉ်ကို ID2/DICA သို့ တင်ပြပါ။
DICA မှအစီအစဉ်ကို သုံးသပ်လက်ခံသည်။
အပြီးသတ်တင်ပြရန်အခြားဝန်ကြီးဌာနဒေသဆိုင်ရာအာဏာပိုင်များနှင့်နောက်ထပ်ဆွေးနွေးရန် DICA ကညွှန်ကြားမည်
DICA မှလက်ခံသည်
EMP/EIA ဝန်ဆောင်မှုပေးသည့် လုပ်ငန်း
EMP ကိုချမှတ်ဆောင်ရွက်ပါ(လုပ်ငန်းငယ်များအတွက်), သို့မဟုတ် EIA or IEE အတွက် ညှိနှိုင်းပြီး စာချုပ်ချုပ်ဆိုပါ။ (လုပ်ငန်းကြီးများ အတွက်)
EMP သို့မဟုတ် EIA အတွက်စာချုပ် လက်မှတ်ထိုးပါ။
SIA ဝန်ဆောင်မှုလုပ်ငန်း
SIA အတွက်စာချုပ် လက်မှတ်ထိုးပါ။
ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်အတွက်ရှင်းလင်းတင်ပြရန်ပြင်ဆင်ပါ (Power Point တင်ပြရန် အချက်များကို အဆိုပြုလွှာထဲတွင် ဖော်ပြထားသည်)
MIC အစည်းအဝေးကျင်းပသည်။ ရင်းနှီးမြှုပ်နှံသူများက တက်ရောက်ပြီးအဆိုပြုချက်ကိုရှင်းလင်းတင်ပြသည်။စာချုပ်ချုပ်ဆိုထားသော သို့မဟုတ် EMP နှင့် SIA အတွက် ဝန်ခံကတိကိုတင်ပြသည်။(အဆင့် ၃)
EMP/ EIA နှင့် SIA ဝန်ဆောင်မှုလုပ်ငန်း
EMP သို့မဟုတ် EIA နှင့် SIA တို့ကို ဝန်ဆောင်မှုလုပ်ငန်းမှ အပြီးသတ်ဆောင်ရွက်ခြင်း(အဆင့် ၃)
MIC အစည်းအဝေးဆုံးဖြတ်ချက်ကိုစောင့်ရန်- ပုဂ္ဂလိကပိုင်မြေတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အစိုးရအဖွဲ့ခွင့်ပြုချက်ကို DICA ကစောင့်ရန်
MIC က ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူသည်
သဘောမတူ
ငြင်းပယ်ကြောင်းစာ
သဘောတူသည်
MIC ခွင့်ပြုမိန့်ထုတ်ယူပါ (အဆင့် ၄)
လုပ်ငန်းစဉ်ပြီးဆုံး
ရင်းနှီးမြှုပ်နှံသူကလုပ်ဆောင်ရန်
DICA/ MIC လုပ်ဆောင်ရန်
ရင်းနှီးမြှုပ်နှံသူနှင့်အခြားသူ/တစ်ဖွဲ့မှလုပ်ဆောင်ရန်
(၁) … (၄) အဆင့်တစ်ခုစီအတွက် မှတ်ချက်များ

# အထက်ဖော်ပြပါ လုပ်ငန်းစဉ်မြေပုံအတွက် မှတ်ချက်။

## ၁ အဆင့် (၁)တွင် တင်ပြရမည့် စာရွက်စာတမ်းများ

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအတွက်၊

၁. MIC ဥက္ကဋ္ဌအား လိပ်မူထားသည့် လျှောက်လွှာ
၂. ဒါရိုက်တာအားလုံး၏ မှတ်ပုံတင်မိတ္တူများ
၃. အချက်အလက်များရေးဖြည့်ထားသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာ
၄. ကုမ္ပဏီမှတ်ပုံတင်၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း၊ ပုံစံ ၆ နှင့် ပုံစံ ၂၆ မိတ္တူများ
၅. ရင်းနှီးမြှုပ်နှံမှုအတွက်သင့်လျော်သော ငွေပမာဏရှိသည့် ဘဏ်စာရင်း
၆. အလုပ်သမားလိုအပ်ချက်၊ ငွေအသုံးပြုမှုခန့်မှန်းချက်၊ အစိုးရအားပေးဆောင်မည့်အခွန်အပါအဝင် ၁၀ နှစ်တာ ကာလအတွက် ခန့်မှန်းတွက်ချက်မှုများ ဖော်ပြထားသည့် စီးပွားရေးတွက်ခြေကိုက်မှု (လုပ်ငန်း အစီအစဉ်)
၇. သီးခြားတင်ပြထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဝန်ထမ်းသက်သာချောင်ချိရေး၊ စီးပွားရေး လုပ်ငန်းကထားရှိရမည့် လူမှုတာဝန်သိမှုအစီအစဉ်၊ မီးဘေးအန္တရာယ်အကာအကွယ်၊ နိုင်ငံတော် အစိုးရထံသို့ ဝင်ငွေခွန်ပေးသွင်းရန် အာမခံချက်နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနည်းစနစ်များ
၈. စွမ်းအင်သုံးစွဲမှု အစီအမံ၊ ရေသုံးစွဲမည့် ပမာဏ
၉. ပြည်ပမှ တင်သွင်းမည့်၊ ပြည်တွင်းမှဝယ်ယူမည့် စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းများ
၁၀. အဆောက်အအုံအသစ်ဆောက်လုပ်မည်ဆိုပါက အဆောက်အအုံပုံစံ သို့မဟုတ် ဆောက်လုပ်ပြီး ဖြစ်ပါက အဆောက်အအုံ၏ ဓာတ်ပုံ
၁၁. လုပ်ငန်းတည်ရာ မြေပုံ တည်ရှိပုံ ပုံစံ
၁၂. မြေဂရံ သို့မဟုတ် မြေဂရံရရှိရန်ဆောင်ရွက်နေဆဲဆိုလျှင် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက် အထားများ
၁၃. (ပုဂ္ဂလိကထံမှ ငှားရမ်းမည်ဆိုလျှင်) ငှားရမ်းမည့်သူ၏ မြေဂရံ မိတ္တူနှင့် မြေအငှားစာချုပ် မူကြမ်း၊ အစိုးရထံမှ မြေငှားရမ်းလျှင် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းက မြေငှားစာချုပ်မူကြမ်းကို ရုံးတံဆိပ်ခေါင်းပါတင်ပြစာနှင့်အတူ ရှေ့နေချုပ်ရုံး၏ မှတ်ချက်အား ပူးတွဲ၍ ID2/DICA သို့ တိုက်ရိုက်ပေးပို့မည်ဖြစ်သည်။
၁၄. စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များအလိုက် အခြားလိုအပ်သော စာရွက်စာတမ်းများ (ဥပမာအားဖြင့် အရည်အသွေးအာမခံ ထောက်ခံချက်များ၊ အဆင့်သတ်မှတ်ချက်များ၊ ဓာတုဗေဒဆိုင်ရာ ကုန်ကြမ်းများ အတွက် သဘောတူညီမှုများ၊ အစရှိသဖြင့်) ကိုလည်း တောင်းခံလာပါက တင်ပြနိုင်ရမည်။

အစိုးရထံမှ မြေငှားရမ်းလျှင် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းက မြေငှားစာချုပ်မူကြမ်းကို ID2/DICA သို့မျှောစာနှင့်အတူ တိုက်ရိုက်ပေးပို့မည်ဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဆိုလျှင်၊

၁. MIC ဥက္ကဋ္ဌအား လိပ်မူထားသည့် လျှောက်လွှာ
၂. ဒါရိုက်တာအားလုံး၏ မှတ်ပုံတင်နှင့် နိုင်ငံကူးလက်မှတ်မိတ္တူများ
၃. အချက်အလက်များရေးဖြည့်ထားသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာ
၄. ရင်းနှီးမြှုပ်နှံသူက အဖွဲ့အစည်းဖြစ်လျှင် မိခင်ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ ဒါရိုက်တာများခန့်အပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်း
၅. မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်မည့် ကုမ္ပဏီ၏ အသင်းအဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း၊ ပုံစံ ၆/၂၆ မူကြမ်းများ
၆. (တစ်သီးပုဂ္ဂလရင်းနှီးမြှုပ်နှံသူ သို့မဟုတ် မိခင်ကုမ္ပဏီ၏) ရင်းနှီးမြှုပ်နှံမှုအတွက်သင့်လျော်သော ငွေပမာဏရှိသည့် ဘဏ်စာရင်း။ ချေးငွေဖြင့် ရင်းနှီးမြှုပ်နှံမည်ဆိုပါက ချေးငွေသဘောတူညီမှု မူကြမ်း
၇. အလုပ်သမားလိုအပ်ချက်၊ ငွေအသုံးပြုမှုခန့်မှန်းချက်၊ အစိုးရအားပေးဆောင်မည့်အခွန်အပါအဝင် ၁၀ နှစ်တာကာလအတွက် ခန့်မှန်းတွက်ချက်မှုများဖော်ပြထားသည့် စီးပွားရေးတွက်ခြေကိုက်မှု (လုပ်ငန်း အစီအစဉ်)
၈. သီးခြားတင်ပြထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဝန်ထမ်းသက်သာချောင်ချိရေး၊ စီးပွားရေးလုပ်ငန်းက ထားရှိရမည့်လူမှုတာဝန်သိမှုအစီအစဉ်၊ မီးဘေးအန္တရာယ်အကာအကွယ်၊ နိုင်ငံတော် အစိုးရထံသို့ ဝင်ငွေခွန်ပေးသွင်းရန် အာမခံချက်နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနည်းစနစ်များ

၉. စွမ်းအင်သုံးစွဲမှု အစီအမံ၊ ရေသုံးစွဲမည့် ပမာဏ
၁၀. ပြည်ပမှ တင်သွင်းမည့်၊ ပြည်တွင်းမှဝယ်ယူမည့် စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းများ
၁၁. အဆောက်အအုံအသစ်ဆောက်လုပ်မည်ဆိုပါက အဆောက်အအုံပုံစံ သို့မဟုတ် ဆောက်လုပ်ပြီး ဖြစ်ပါက အဆောက်အအုံ၏ ဓာတ်ပုံ
၁၂. လုပ်ငန်းတည်ရာပြ မြေပုံ၊ တည်ရှိပုံ ပုံစံ
၁၃. (ပုဂ္ဂလိကထံမှ ငှားရမ်းမည်ဆိုလျှင်) ငှားရမ်းမည့်သူ၏ မြေဂရံ မိတ္တူနှင့် မြေအငှားစာချုပ်မူကြမ်း၊ အစိုးရထံမှ မြေငှားရမ်းလျှင် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းက မြေငှားစာချုပ်မူကြမ်းကို ရုံးတံဆိပ်ခေါင်းပါ တင်ပြစာနှင့်အတူ ရှေ့နေချုပ်ရုံး၏မှတ်ချက်အား ပူးတွဲ၍ မြေပိုင်ရှင်၏အပေါ်စာဖြင့် ID2/DICA သို့ တိုက်ရိုက်ပေးပို့မည်ဖြစ်သည်။
၁၄. စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များအလိုက်အခြားလိုအပ်သော စာရွက်စာတမ်းများ (ဥပမာအားဖြင့်-အရည်အသွေးအာမခံ ထောက်ခံချက်များ၊ အဆင့်သတ်မှတ်ချက်များ၊ ဓာတုဗေဒဆိုင်ရာ ကုန်ကြမ်းများ အတွက် သဘောတူညီမှုများ၊ အစရှိသဖြင့်) ကိုလည်း တောင်းခံလာပါက တင်ပြနိုင်ရမည်။

## ၂ အဆင့် (၂) အတွက် လိုအပ်ချက်-

PAT အတွက် ID2/DICA က စိစစ်ပြီးသော လျှောက်ထားသည့်စာရွက်စာတမ်းအပြည့်အစုံပါဝင်သည့် လျှောက်လွှာ ၂၂ စုံ

## ၃ အဆင့်(၃) အတွက်လိုအပ်ချက်-

၁. PPT ဖြင့်ရှင်းလင်းတင်ပြချက် (သတ်မှတ်ထားသည့် ပုံစံအတိုင်း)
၂. MIC အစည်းအဝေးအတွက် လျှောက်ထားသည့်စာရွက်စာတမ်းအပြည့်အစုံ ၈ စုံ
၃. လုပ်ငန်းငယ်များအတွက် EMP အစီရင်ခံစာများ သို့မဟုတ် လုပ်ငန်းကြီးများအတွက် EIA နှင့် SIA အစီရင်ခံစာများ
၄. လုပ်ငန်းငယ်များအတွက် EMP အစီရင်ခံစာများနှင့် လုပ်ငန်းကြီးအတွက် EIA အစီရင်ခံစာများ

## ၄ အဆင့် (၄) အတွက် လိုအပ်ချက်-

၁. လုပ်ငန်းငယ်အတွက် EMP သို့မဟုတ် လုပ်ငန်းကြီးအတွက် EIA
၂. SIA
၃. EMP ကို ရင်းနှီးမြှုပ်နှံသူများက လုပ်ဆောင်နိုင်သည်။ EIA နှင့် SIA ကို ယင်းဝန်ဆောင်မှု ပေးသော လုပ်ငန်းများက လုပ်ဆောင်ပေးရမည်။
၄. IEE ကို ပလတ်စတစ်၊ အထည်နှင့် ဆေးဆိုးလုပ်ငန်းများအတွက် လုပ်ဆောင်ရမည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၂ အရ MIC အစည်းအဝေးတွင် အဆိုပါအစီရင်ခံစာများကို တင်ပြရမည် ဖြစ်သည်။ သို့သော်လည်း လက်ရှိလုပ်ထုံးလုပ်နည်းများအရ ရင်းနှီးမြှုပ်နှံသူများအား ၄င်းစစ်ဆေးစစ်တမ်း ကောက်ယူနေသောလုပ်ငန်းများ ဆောင်ရွက်နေသည့် အထောက်အထားကိုသာ တင်ခွင့်ပြုပြီး MIC ခွင့်ပြုမိန့် ထုတ်ပေးပြီးချိန်မှသာ အပြီးသတ် အစီရင်ခံစာများကို တင်ပြနိုင်သည်။ သို့သော်လည်း လက်ရှိ လုပ်ထုံးလုပ်နည်းမှာ ပြောင်းလဲနိုင်ပြီး ပြောင်းလဲခဲ့သော် အချိန်မီ အသိပေးထုတ်ပြန်သွားမည် ဖြစ်သည်။

၁။ မည်သည့်အချိန်ကာလတွင် ရင်းနှီးမြှုပ်နှံသူက MIC ခွင့်ပြုမိန့် လိုအပ်ပါသလဲ။

MIC ခွင့်ပြုမိန့်သည် ယေဘုယျအားဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက်မလိုအပ်သော်လည်း ကာလရှည်မြေငှားရမ်းမှု လိုအပ်သော အချို့အခန်းကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံသူများသည် MIC ခွင့်ပြုမိန့်ကို လိုအပ်ပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများလုပ်ဆောင်သော နိုင်ငံခြားသား ကုမ္ပဏီများသည် MIC ခွင့်ပြုမိန့်မလိုအပ်ဘဲ ၎င်းတို့၏ လုပ်ငန်းလုပ်ဆောင်မှုများအား မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအတိုင်း ကုမ္ပဏီဖွဲ့စည်းပြီး စတင်လုပ်ဆောင်နိုင်ပါသည်။ မည်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ကန့်သတ်ထားရှိကြောင်းအား အသေးစိတ်သိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ သတိပေးကြေညာစာအမှတ် ၂၆/၂၀၁၆ (MIC Notification No. 26/2016) အားရည်ညွှန်းရန်။ ဖော်ပြထားသော အခန်းကဏ္ဍများမှအပ ကျန်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ၁၀၀% ပိုင်ဆိုင်မှုဖြင့် ခွင့်ပြုမိန့်ကို လျှောက်ထားရမည်ဖြစ်သည်။

၂။ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်ပါသလဲ။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (FIL) အရ MIC ခွင့်ပြုမိန့်နှင့် ကုန်ထုတ်လုပ်မှုဆောင်ရွက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အောက်ပါပုံစံများအနက်မှ တစ်ခုဖြင့်ရင်းနှီးမြှုပ်နှံနိုင်သည်။

၁) နိုင်ငံခြားသားက နိုင်ငံခြားမတည်ငွေရင်းရာခိုင်နှုန်း အပြည့်ဖြင့် ပြုလုပ်ခြင်း၊

၂) နိုင်ငံခြားသားနှင့် နိုင်ငံသား သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတို့ ဖက်စပ်ပြုလုပ်ခြင်း၊

၃) BOT, BTO, PSA နှင့် ပြည်သူပိုင် ပုဂ္ဂလိကပိုင် အကျိုးတူ စနစ်တို့အပါအဝင် နှစ်ဦးနှစ်ဖက် သဘောတူသော ပဋိညာဉ်စာချုပ်ပါ စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ခြင်း တို့ဖြစ်သည်။

နိုင်ငံခြားကုမ္ပဏီ၏ မြန်မာရုံးခွဲတစ်ခုကို ဖွဲ့စည်းတည်ထောင်ရခြင်းသည် ကုမ္ပဏီများအက်ဥပဒေတွင် ပြဌာန်းထားသည့် နည်းဥပဒေနှင့် သတ်မှတ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီညွှန်ကြားမှုဦးစီးဌာန (DICA) က သတ်မှတ်ထားသည့် လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ရသည်။ မြန်မာနိုင်ငံတွင် လီမိတက်ကုမ္ပဏီတည်ထောင်ပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ သည် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီဖွဲ့စည်းရန် လိုအပ်သည်။ အကယ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အစိုးရ အဖွဲ့အစည်းနှင့်ဖက်စပ်လုပ်ကိုင်ပါက ကုမ္ပဏီများအထူးအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ရန်ဖြစ်သည်။

၃။ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်ကို အကဲဖြတ်ဆန်းစစ်ရာတွင် မည်သည့် စံသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သနည်း။

MIC က ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်ကိုအကဲဖြတ်ဆန်းစစ်ရာတွင် အောက်ပါစံနှုန်းများကို အသုံးပြုသည်။

၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် ချမှတ်ထားသည့် မူဝါဒများ၊

၂) ငွေကြေးနှင့်စပ်လျဉ်းပြီး ယုံကြည်စိတ်ချရမှု၊

၃) ကုမ္ပဏီ၏ စီးပွားရေးခိုင်မာတောင့်တင်းမှုနှင့် တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုတို့အပေါ်မူတည် ဆုံးဖြတ်သည်။

၄။ MIC ခွင့်ပြုချက်ရရှိရန် မည်မျှကြာသနည်း။

MIC ခွင့်ပြုချက်ကို စိစစ်သုံးသပ်ပြီး အဆိုပြုလွှာလက်ခံရရှိသည့် ရက်မှ အလုပ်လုပ်ရက် ရက်ပေါင်း ၉၀ အတွင်း ခွင့်ပြုမိန့်ထုတ်ပေးသည်။

၅။ MIC ခွင့်ပြုချက်ရရှိရန် မည်မျှပေးသွင်းရသနည်း။

MIC ခွင့်ပြုချက်လျှောက်ထားရာတွင် ပုံစံ (၁) ကို နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအတွက် ကျပ် ၅၀၀ ဖြင့် လည်းကောင်း၊ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် ကျပ် ၅,၀၀၀ ဖြင့် လည်းကောင်း ဝယ်ယူရန်သာ လိုအပ်ပါသည်။

၆။ ရင်းနှီးမြှုပ်နှံသူက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျှင် မည်သည့် ကင်းလွတ်ခွင့် သက်သာခွင့်များ ရရှိနိုင်သနည်း။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့်အခါတွင် ရရှိသည့် အရေးကြီးသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကုမ္ပဏီတစ်ခုက ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ကိုင်နေလျှင် အခွန် (၅) နှစ်တဆက်တည်း ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိသည်။
- လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိမည်။
- စက်ပစ္စည်းကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများအပေါ်တွင် ပစ္စည်းတန်ဖိုးတွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုး လျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့် ရှိသည်။
- ကုန်ထုတ်လုပ်ငန်းတစ်ခုခုက ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့တင်ပို့ရောင်းချလျှင် ထိုသို့တင်ပို့ရောင်းချ၍ ရရှိသော အမြတ်ငွေ အပေါ်တွင် ၅၀ % အထိ ဝင်ငွေခွန်သက်သာခွင့် ရှိသည်။
- မြန်မာနိုင်ငံတွင်ပြုလုပ်သော သုတေသနလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများ အတွက် ကုန်ကျစရိတ်များအား နုတ်ပယ်ခွင့်ရှိပြီး ၎င်းလုပ်ငန်း ဆောင်ရွက်ချက်များသည် စီးပွားရေးဦးတည်ချက် များနှင့် ဆီလျော်သော၊ လိုအပ်သောလုပ်ဆောင်ချက်များ ဖြစ်ရမည်။
- ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ် ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့် နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်ရှိသည်။
- လုပ်ငန်းတည်ဆောက်မှုကာလအတွင်း အမှန်တကယ်အသုံးပြုရန်လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ၊ စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန် ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရှိသည်။
- လုပ်ငန်းတည်ဆောက်မှု ပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များ ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ၊ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရှိသည်။
- ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်သည့် ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ရှိသည်။

၇။ တည်ဆဲဥပဒေများအရ မည်သည့် စီးပွားရေးလုပ်ငန်းတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံသားပိုင် ကုမ္ပဏီနှင့်သာ လုပ်ကိုင်ခွင့်ရှိသနည်း။

၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ တွင် နိုင်ငံခြားသားများ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံသားပိုင် ကုမ္ပဏီနှင့် ဖက်စပ်စနစ်နှင့်သာလုပ်ကိုင်ခွင့်ရှိသော စီးပွားရေးလုပ်ငန်းများ စာရင်းကို ဖော်ပြထားပါသည်။ DICA website www.dica.gov.mm တွင် အမိန့်ကြော်ငြာစာကို ရယူနိုင်ပါသည်။

၈။ မည်သို့သော စီးပွားရေးလုပ်ငန်းအတွက် လျှောက်ထားသော ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာတွင် EMP, IEE, EIA အစီရင်ခံစာများ ထည့်သွင်းတင်ပြရပါသနည်း။

မည်သည့်ရင်းနှီးမြှုပ်နှံမှုအတွက်မဆို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို ရယူရန်လိုအပ်ပြီး MIC ခွင့်ပြုမိန့်ရရှိရန်အတွက် ID2/DICA သို့တင်ပြရမည်။ ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံမှုအမျိုးအစားပေါ်မူတည်ပြီး သက်ဆိုင်ရာ အစီရင်ခံစာများကို တင်ပြရမည်။ ဥပမာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအမံ (Enviromental Mangement Plan (EMP)) ကို အထည်ချုပ်စက်ရုံများအတွက်လည်းကောင်း ကနဦး ပတ်ဝန်းကျင် စစ်ဆေးခြင်း (Initial Environmental Examination (IEE)) ကိုသံမဏိလုပ်ငန်းများ အတွက်လည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု စစ်ဆေးချက် (Environment Impact Assessment (EIA)) ကို ဘိလပ်မြေထုတ်လုပ်မှုနှင့် အခြားလုပ်ငန်းများအတွက်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

၉။ ကုမ္ပဏီက မည်သည့် နှုန်းထားနှင့် ဝင်ငွေခွန်ပေးဆောင်ရပါသလဲ။

နိုင်ငံခြားအဖွဲ့အစည်းများကို "ပြည်တွင်းနေ" နှင့် "ပြည်ပနေ" အဖွဲ့အစည်းအဖြစ် အခွန်စည်းကြပ်ရန် ရည်ရွယ်ချက်ဖြင့် ခွဲခြားထားသည်။ ပြည်တွင်းနေ အဖွဲ့အစည်းမှာ-

၁. ကုမ္ပဏီဖြစ်လျှင် မြန်မာကုမ္ပဏီအက်ဥပဒေအရ သို့မဟုတ်အခြားတည်ဆဲဥပဒေတစ်ခုအရ တည်ထောင်ထားသည့် ကုမ္ပဏီဖြစ်သည်။

၂. ကုမ္ပဏီမဟုတ်ဘဲ လူပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းတည်ထောင်ထားသော အသင်းအဖွဲ့ဆိုလျှင် အဖွဲ့အစည်း၏ ထိန်းချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် ဆုံးဖြတ်ချက်များ၊ နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံတွင်းတွင် ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ရမည်။

၃. နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ တည်ထောင်ထားသောလုပ်ငန်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေသော လူပုဂ္ဂိုလ်ဖြစ်ရမည်။

လတ်တလောတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ တည်ထောင်ထားသော ကုမ္ပဏီများနှင့် ကုမ္ပဏီများအက်ဥပဒေအရ တည်ထောင်ထားသော ကုမ္ပဏီများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ကိုင်နေသော လုပ်ငန်းများပါဝင်သည်။ အထူးခွင့်ပြုချက်နှင့် နိုင်ငံတော် စီမံကိန်းများ၊ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှုများ နိုင်ငံခြားအဖွဲ့အစည်းများသည် အသားတင်အမြတ်တွင် ဝင်ငွေခွန် ၂၅% ပေးဆောင်ရသည်။

အထက်ဖော်ပြပါ စံနှုန်းများနှင့် မကိုက်ညီသော နိုင်ငံခြားအဖွဲ့အစည်းများကို "ပြည်ပနေ" အဖွဲ့အစည်းများအဖြစ်သတ်မှတ်သည်။ အခွန်ပေးဆောင်ရန် ရည်ရွယ်ချက်အတွက် မြန်မာနိုင်ငံတွင် နိုင်ငံခြားကုမ္ပဏီရုံးခွဲအဖြစ်တည်ထောင်ထားသော ကုမ္ပဏီရုံးခွဲကို "ပြည်ပနေ" ကုမ္ပဏီအဖြစ်သတ်မှတ်သည်။ ပြည်ပနေကုမ္ပဏီအတွက် အခွန်နှုန်းထားမှာ ၃၅% ဖြစ်သည်။

၁၀။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံသောအခါ၌ မြေပိုင်ဆိုင်ခွင့် သို့မဟုတ် ဝယ်ယူခွင့်ရှိပါသလား။

တည်ဆဲဥပဒေများအရ နိုင်ငံခြားသားများသည် မြေဝယ်ယူခွင့် သို့မဟုတ် ပိုင်ဆိုင်ခွင့်မရှိပေ။ သို့သော် MIC ခွင့်ပြုမိန့်ရရှိထားသောနိုင်ငံခြားသား ပိုင် ကုမ္ပဏီများသည် နှစ်ရှည်မြေငှားရမ်းခွင့်ရှိပြီး လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏပေါ်မူတည်ပြီး ကနဦး အနှစ် ၅၀ ငှားရမ်းနိုင်သည်။ ၁၀ နှစ်စီ နှစ်ကြိမ်တိုးမြှင့်နိုင်သည်။။

MIC ခွင့်ပြုမိန့်မရှိသော နိုင်ငံခြားသားများနှင့် နိုင်ငံခြားပိုင် ကုမ္ပဏီများ နေထိုင်ရန်နှင့် လုပ်ငန်းလုပ်ကိုင်ရန် နေရာ/မြေကို နှစ်စဉ် စာချုပ်ချုပ်ဆိုရမည်။

၁၁။ ရင်းနှီးမြှုပ်နှံသူသည် တင်သွင်းမည့် စက်ပစ္စည်း စာရင်း သို့မဟုတ် ဆောက်လုပ်ရေးကာလကို MIC ခွင့်ပြုမိန့်ချထားပြီးချိန်တွင် ပြင်ဆင်ခွင့်ရှိပါသလား။

ပြင်ဆင်နိုင်ပါသည်။ သို့သော် ပြင်ဆင်မှုအတွက် MIC အား တင်ပြရန်လိုအပ်ပါသည်။

၁၂။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရာ၌ MIC လုပ်ပိုင်ခွင့်ရရှိထားသည့် ကုမ္ပဏီများသည် နိုင်ငံခြားသား ကျွမ်းကျင်သူများနှင့် အတတ်ပညာရှင်များကို ခန့်ထားနိုင်ပါသလား။ အလုပ်လုပ်ခွင့်ပါမစ်အတွက် အဓိကလိုအပ်ချက်များကို ဖော်ပြပါ။

နိုင်ငံခြားသား မန်နေဂျာများ၊ ကျွမ်းကျင်ပညာရှင်များ၊ အတတ်ပညာရှင်များကို MIC ခွင့်ပြုမိန့်ရှိသော ကုမ္ပဏီများက ခန့်ထားနိုင်သည်။ မန်နေဂျာများ၊ ကျွမ်းကျင်ပညာရှင်များ၊ အတတ်ပညာရှင်များကို ခန့်အပ်ရန် အောက်ပါ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရမည်။

- MIC သို့တင်ပြရသည့် ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာတွင် နိုင်ငံခြားသား ကျွမ်းကျင်သူများ/ အတတ်ပညာရှင်များ အရေအတွက်မည်မျှ ခန့်ထားလိုကြောင်း ဖော်ပြရမည်။
- MIC ခွင့်ပြုမိန့်ရရှိပြီးသောအခါ ကုမ္ပဏီက အလုပ်ခန့်အပ်မှုနှင့် အလုပ်လုပ်ခွင့်ပါမစ် အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန လက်အောက်ရှိ အလုပ်သမားရေးရာ ညွှန်ကြားမှုဦးစီးဌာနတွင် လျှောက်ထားရပြီး နေထိုင်ခွင့်နှင့် ဗီဇာအတွက် လူဝင်မှု ကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ဌာနတွင် လျှောက်ထားရမည် ဖြစ်သည်။

ရန်ကုန်မြို့ DICA ရုံးတွင် ဖွဲ့စည်းတည်ရှိသည်ဖြစ်သော ဌာနဆိုင်ရာပူးပေါင်းလုပ်ဆောင်မှုအဖွဲ့မှ စုပေါင်းဝန်ဆောင်မှုအနေဖြင့်နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များ၊ အတတ်ပညာရှင်များ၏ အလုပ်သမားခန့်ထားမှုဆိုင်ရာ နည်းလမ်းများအပါအဝင် အခြားဝန်ဆောင်မှုများအတွက်ပါ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန
အမှတ် (၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်။
ရန်ကုန်၊ မြန်မာ။
ဖုန်း- ၀၁- ၆၅၇ ၈၉၁
အီးမေးလ်- dica.ip.mm@gmail.com

ရင်းနှီးမြှုပ်နှံမှုဌာန (၂)
ဖုန်း- ၀၁- ၆၅၈၁၂၈
ဖက်စ်- ၀၁-၆၅၈၁၄၁

ကုမ္ပဏီဌာန
ဖုန်း- ၀၁-၆၅၇၈၉၁
ဖက်စ်- ၀၁-၆၅၈၁၃၅
အီးမေးလ်- core.gov.mm@gmail.com

ဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့
ဖုန်း- ၀၁- ၆၅၇၈၉၂
ဖက်စ်- ၀၁- ၆၅၇၈၉၂

## ၅။ စက်မှုကဏ္ဍရင်းနှီးမြှုပ်နှံခြင်းအတွက် MIC ခွင့်ပြုမိန့်လျှောက်ထားရာတွင် လိုအပ်သော နမူနာဖောင်များ၊ အထောက်အထားများ

### ၁. MIC ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် အထောက်အထားများ-နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအတွက်

အောက်ပါစာရင်းများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် အဆိုပြုချက်ပုံစံ(၁)နှင့်အတူ ပူးတွဲတင်ပြရမည့် အထောက်အထားများဖြစ်သည်။

၁။ အဆိုပြုချက် ပုံစံ (၁)
၂။ ကုမ္ပဏီ၏မှတ်ပုံတင်အထောက်အထား(မိတ္တူ )
၃။ နိုင်ငံသားစိစစ်ရေးကဒ် (မိတ္တူ) နှင့် နိုင်ငံကူး လက်မှတ် (မိတ္တူ )
၄။ အဆိုပြုလုပ်ငန်းတွင်ပါဝင်သူများ၏လုပ်ငန်းပိုင်းနှင့်ငွေရေးကြေးရေး ဆိုင်ရာ အထောက်အထားများ၊ စီးပွားရေးဆိုင်ရာတွက်ချက်မှုများ
၅။ ဖက်စပ်စာချုပ်(မူကြမ်း)နှင့် နိုင်ငံတော်နှင့် ပတ်သက်လျှင် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက်
၆။ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း/သင်းဖွဲ့စည်းမျဉ်း
၇။ မြေပိုင်ဆိုင်မှု /မြေဂရံ အထောက်အထားနှင့် မြေပုံပူးတွဲ တင်ပြရန်
၈။ မြေငှားစာချုပ်(မူကြမ်း)တင်ပြရန်နှင့် နိုင်ငံတော်နှင့် ပတ်သက်လျှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက်တင်ပြရန်
၉။ လိုအပ်မည့် ဝန်ထမ်းများခန့်အပ်ခြင်း (ပြည်တွင်း/ပြည်ပ)
၁၀။ ဝန်ထမ်းလုပ်သားများ၏ လူမှုဖူလုံရေး သက်သာချောင်ချိမှု ဆောင်ရွက်မည့် အစီအမံများ
၁၁။ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက် (EIA)
၁၂။ လူမှုစီးပွားရေးဆိုင်ရာ သက်ရောက်မှုဆန်းစစ်ချက် (SIA)
၁၃။ လူမှုရေးဆိုင်ရာ တာဝန်ယူဆောင်ရွက်မှု (CSR)

## ၂. MIC ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် အထောက်အထားများ- မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအတွက်

အောက်ပါစာရင်းများသည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် အဆိုပြုချက်ပုံစံ(၁) နှင့်အတူ ပူးတွဲ တင်ပြရမည့် အထောက်အထားများဖြစ်သည်။

၁။ မြေနေရာနှင့် စပ်လျဉ်းသည့် အချက်များ
- (က) စက်မှုဇုန်များတွင် ဆောင်ရွက်ပါက စက်မှု ဂရံ တင်ပြရန်
- (ခ) ကိုယ်ပိုင်မြေဖြစ်ပါက လယ်ယာမြေဥပဒေ ပုဒ်မ ၃၀ အရ လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့၏ စိစစ် ထောက်ခံချက် သို့မဟုတ် ထောက်ခံချက် လျှောက်ထားဆဲ အထောက်အထား/ မြေစာရင်းပုံစံ (၁၀၅-၁၀၆) တင်ပြရန်
- (ဂ) ပုဂ္ဂလိကမြေနှင့် အဆောက်အဦ ငှားရမ်းဆောင်ရွက်ခြင်း ဖြစ်လျှင် အငှားစာချုပ်(မူကြမ်း)

၂။ စက်ပစ္စည်း/ လုပ်ငန်းသုံးပစ္စည်းများ
- (က) ပြည်တွင်းမှဝယ်ယူမည့်စာရင်း
- (ခ) ပြည်ပမှဝယ်ယူမည့်စာရင်း

၃။ စီးပွားရေးဆိုင်ရာ တင်ပြချက်များ
- (က) ကုန်ကြမ်းစာရင်း (ပြည်တွင်း/ပြည်ပမှ ဝယ်ယူမှု)
- (ခ) နှစ်စဉ်ထုတ်လုပ်မှု ရည်မှန်းချက်
- (ဂ) ရောင်းချမည့် အစီအစဉ် (ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းရောင်းချမှု ရာခိုင်နှုန်း)
- (ဃ) အရှုံး/အမြတ်စာရင်း
- (င) ငွေသားစီးဆင်းမှုစာရင်း ၊ အရှုံးအမြတ်စာရင်းတွက်ချက်မှုများ
- (စ) နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ် အခြေအနေ (ဝင်ငွေခွန်/ ကုန်သွယ်လုပ်ငန်းခွန်)
- (ဆ) အလုပ်အကိုင် ရရှိမှု အခြေအနေ (ပြည်တွင်း/ပြည်ပ ဝန်ထမ်းအင်အားစာရင်း၊ လစာ တွက်ချက်မှု)

၄။ ငွေကြေးအထောက်အထား
- (က) ရင်းနှီးမြှုပ်နှံမည့် ပြည်တွင်းသုံးငွေအတွက် ဝယ်ယူပြီး တန်ဖိုးမှ အပ ဘဏ်အထောက်အထား တင်ပြရန်
- (ခ) ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားငွေ ပါဝင်ပါက ၄င်းအတွက် MFTB/MICB စသဖြင့် Bank Statement တင်ပြရန်

၅။ အထွေထွေ
- (က) အဆိုပြုတင်ပြခြင်းနှင့် အခွန်အကောက်ကင်းလွတ်ခွင့်လျှောက်လွှာ
- (ခ) ကတိဝန်ခံချက်
- (ဂ) ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ
- (ဃ) လုပ်ငန်းဆောင်ရွက်မည့် တည်နေရာပြမြေပုံ
- (င) မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်
- (စ) လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးစီမံချက်
- (ဆ) အဆောက်အဦ ဆောက်လုပ်ပြီး ဖြစ်ပါက အဆောက်အဦ ဓာတ်ပုံမိတ္တူ
- (ဇ) အဆောက်အဦ မဆောက်လုပ်ရသေးပါက အဆောက်အဦ ပုံစံ
- (ဈ) ကုမ္ပဏီဖွဲ့စည်းပြီးပါက ကုမ္ပဏီမှတ်ပုံတင် လက်မှတ်/ပုံစံ (၆) (အစုရှယ်ယာ လွှဲပြောင်းမှု)/ ပုံစံ (၂၆) (ဒါရိုက်တာ စာရင်း)

၆။ လုပ်ငန်းနှင့် သက်ဆိုင်သည့် စာချုပ်များ
- (က) လုပ်ငန်းဆောင်ရွက်မည့် Buyer ကုမ္ပဏီများနှင့် ချုပ်ဆိုထားသည့် CMP contract စာချုပ်/ သင်းဖွဲ့စည်းမျဉ်း/သင်းဖွဲ့မှတ်တမ်း

## ၃.MIC ခွင့်ပြုမိန့်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် လျှောက်လွှာအပေါ်စာ (နမူနာပုံစံ)

မှတ်ချက်။ ယခုပုံစံသည် ရည်ညွှန်းကိုးကားရန်အတွက်သာဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ MIC ခွင့်ပြုမိန့်လျှောက်ထားမည့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ MIC ခွင့်ပြုမိန့် လျှောက်ထားမည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ အသုံးပြုနိုင်ပါသည်။

[Date: ______]

To: Chairman
Myanmar Investment Commission

Subject: Application for an MIC Permit to Invest in a Manufacturing Business

Your Excellency,

I, the promoter, have the honour of submitting an Investment Proposal Form, along with supporting documents. Herewith is provided the following information regarding the proposed investment:

(a) Project (Detail Profile)
(b) Construction period
(c) Estimated total employees in the first year
(d) Estimated total employees in any regular year
(e) Technique.

Along with the proposal, I hereby submit the following supporting documents:

(1) Proposal of the promoter to make a foreign investment in the Republic of the Union of Myanmar
(2) Draft of Joint Venture Agreement
(3) Draft of Lease Agreement
(4) Draft of Loan Agreement(if any)
(5) References providing evidence of business and financial standing
(6) Draft of Memorandum of Association and Articles of Association
(7) Employee Welfare Plan
(8) Environmental Protection Plan
(9) Fire Prevention Plan
(10) CSR Plan

I also hereby apply for the exemptions and reliefs specified in § 27 of the Foreign Investment Law.

Yours faithfully,

___________________

[Full name and signature of the promoter/applicant]

## ၄. ဖောင်ပုံစံ ၁-ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအတွက် အဆိုပြုလွှာပုံစံ

မှတ်ချက်။ ယခုပုံစံသည် ရည်ညွှန်းကိုးကားရန်အတွက်သာဖြစ်ပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ MIC ခွင့်ပြုမိန့် လျှောက်ထားမည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအသုံးပြု နိုင်ပါသည်။

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်၊
ရက်စွဲ၊

ကျွန်တော်/ ကျွန်မသည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏-
(က) အမည် ........................................
(ခ) အဖအမည် ........................................
(ဂ) နိုင်ငံသား/ အမျိုးသား မှတ်ပုံတင်အမှတ်........................................
(ဃ) နေရပ်လိပ်စာ ........................................
(င) လူမျိုး၊ ဘာသာ ........................................
(စ) အဖွဲ့အစည်း အမည် ........................................
(ဆ) လုပ်ငန်းအမျိုးအစား ........................................
(ဇ) အဖွဲ့အစည်း တည်ရှိရာအရပ်........................................

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏-
(က) အမည် ........................................
(ခ) အဖအမည် ........................................
(ဂ) နိုင်ငံသား/အမျိုးသား မှတ်ပုံတင်အမှတ်........................................
(ဃ) နေရပ်လိပ်စာ ........................................
(င) လူမျိုး၊ ဘာသာ ........................................
(စ) အဖွဲ့အစည်းအမည် ........................................
(ဆ) လုပ်ငန်းအမျိုးအစား ........................................
(ဇ) အဖွဲ့အစည်း တည်ရှိရာအရပ် ........................................
(နှစ်ဦး သို့မဟုတ် အဖွဲ့အစည်း ၂ ခုထက်ပိုပါက သီးခြားစာရွက်တွင် ဖော်ပြပူးတွဲရန်။)

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား-
(က) ကုန်ထုတ်လုပ်မှု လုပ်ငန်း ........................................
(ခ) ဝန်ဆောင်မှုလုပ်ငန်း ........................................
(ကုန်ပစ္စည်း အမည် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားကို ဖော်ပြရန်။)

၄။ လုပ်ကိုင်မည့် စီးပွားရေးပုံစံ-

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

..........................................................................................................................

(ခ) အဖွဲ့အစည်းနှင့် နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

..........................................................................................................................

(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

..........................................................................................................................

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်း ပုံသဏ္ဌာန်-

(က) တစ်ဦးတည်းပိုင် ..........................................................................................

(ခ) ဖက်စပ်/အစုစပ်လုပ်ငန်း ..........................................................................................

